VOLUNTARY PRINCIPLES ON SECURITY + HUMAN RIGHTS

# ဆန္ဒအလျောက် လေးစားလိုက်နာနိုင်သော လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများ (VPSHR)

၂၀၀၀ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့သည့် ဆန္ဒအလျောက် လေးစားလိုက်နာနိုင်သော လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာအခြေခံမူများ (VPSHR) သည် အစိုးရများ၊ ကုမ္ပဏီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အစရှိသဖြင့် နယ်ပယ်စုံရှိ ပတ်သက်ဆက်နွယ်သူများ ပါဝင်သည့် ကနဦးဆောင်ရွက်မှု တစ်ခုဖြစ်သည်။ တွင်းထွက် တူးဖော်ရေးကဏ္ဍ၊ စိုက်ပျိုးရေး၊ သဘာဝသယံဇာတများ (သို့မဟုတ်) စွမ်းအင်ထုတ်လုပ်ခြင်းကဏ္ဍရှိ ကုမ္ပဏီများမှ ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုများ၌ လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် အပြုအမူမျိုးဖြင့် လုံခြုံရေးအား ဆောင်ရွက်စေရာတွင် အဆိုပါ အခြေခံမူများအား အကောင်အထည် ဖော်လုပ်ဆောင်နိုင်ရန် မြှင့်တင်ပေးသည်။ အထူးသဖြင့် အဆိုပါမူများသည် ကုမ္ပဏီများမှ ပြည်သူ့လုံခြုံရေးဝန်ထမ်းများနှင့် ပုဂ္ဂလိက လုံခြုံရေးဝန်ထမ်းများအား ၎င်းတို့၏ အဆောက်အအုံများနှင့် ပစ္စည်းများအား ကာကွယ်စောင့်ရှောက်ရန် ချိတ်ဆက်လုပ်ကိုင်စေသည့်အခါ လူ့အခွင့်အရေးကို လေးစားလိုက်နာမှု ရှိကြောင်း သေချာစေရန် ကုမ္ပဏီဖက်မှ ပြီးပြည့်စုံသည့် လူ့အခွင့်အရေး ဆိုင်ရာ ချိုးဖောက်မှုဖြစ်နိုင်ခြေအား ဆန်းစစ်ခြင်း (Human Rights Risk Assessment) တစ်ရပ်ကို လုပ်ဆောင်ရန် လမ်းညွှန်ထားပါသည်။

## အခြေခံမူများဆိုင်ရာ ခြုံငုံချက်

- ပတ်သက်ဆက်နွယ်သူများပါဝင်သည့် ကနဦးဆောင်ရွက်မှုအဖွဲ့ (Multi-Stakeholder Initiative (MSI)) ကို တွင်းထွက်တူးဖော်ရေး ကဏ္ဍ၊ စိုက်ပျိုးရေး၊ သဘာဝသယံဇာတ (သို့မဟုတ်) စွမ်းအင် ထုတ်လုပ်ရေးကဏ္ဍရှိကုမ္ပဏီများ၊ အစိုးရနှင့် အဓိကကျသည့် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထား သည်။
- နိုင်ငံတကာ၊ ပြည်တွင်းနှင့် စီမံကိန်းအဆင့် အသီးသီးတွင် ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား တွင်းထွက်တူးဖော်ရေး တွင်းထွက်တူးဖော်ရေးကုမ္ပဏီများမှ ထိရောက်စွာ စီမံဆောင်ရွက်ရာတွင် ကူညီပေးရန် လက်တွေ့ကျသည့် လမ်းညွှန်ချက်များဖြစ်သည်။
- လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် စပ်လျဥ်း၍ ကုမ္ပဏီများ၊ အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အပြန်အလှန် လေ့လာသင်ယူခြင်း၊ ပူးပေါင်းအဖြေရှာခြင်းနှင့် အလေ့အကျင့်ကောင်းများ တည်ဆောက်ခြင်းတို့အတွက် နေရာတစ်ခုအဖြစ် ဆောင်ရွက်ပေးနိုင်သည်။
- ခက်ခဲရှုပ်ထွေးသောဝန်းကျင်များရှိ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် အဓိကကျသူများ၏ စွမ်းဆောင်ရည်အား မြှင့်တင်ပေးသည့် မူဘောင်တစ်ခု သတ်မှတ်ပေးနိုင်သည်။

## ဤအခြေခံမူများအား အကောင်အထည်ဖော်ရသည့် အကြောင်းရင်းက ဘာလဲ။

လူ့အခွင့်အရေးကို ကာကွယ်ပေးရန် တာဝန်ရှိသူမှာ အစိုးရဖြစ်သော်လည်း စီးပွားရေးလုပ်ငန်းများသည် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့် အရေးဆိုင်ရာ အခြေခံမူများပါအတိုင်း လူ့အခွင့်အရေးကိုလေးစားလိုက်နာရန်တာဝန်ရှိသလို "ဖြစ်နိုင်ခြေရှိသည့်သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် ဆန်းစစ်ခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း" (due diligence)ကို အသုံးပြု၍ ၎င်းတို့ စီးပွားရေးလုပ်ငန်းများကြောင့် လူသားများအား ထိခိုက်နစ်နာစေခြင်းကို ရှောင်ကြဉ်သင့်သလို ဖြစ်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှုများအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက်လည်း တာဝန်ရှိပါသည်။ အများအားဖြင့် တွင်းထွက်

**Governments**
Argentina
Australia
Canada
Colombia
Ghana
The Netherlands
Norway
Switzerland
United Kingdom
United States of America

**Corporations**
Alphamin Bisie Mining SA
Agnico Eagle
Anglo American
AngloGold Ashanti
Barrick Gold Corporation
BHP Billiton
BP
Chevron
ConocoPhillips
Equinor
ExxonMobil
Freeport-McMoRan Inc.
Frontera Energy
Galp Energia
Glencore
Goldcorp
Newcrest Mining Limited
Newmont Mining
Norsk Hydro
Oil Search
PanAust
Repsol
Rio Tinto
Seven Energy
Shell
Sherritt International
Total
Tullow Oil
Vale
Woodside Energy

**Non-Governmental Organizations**
CDA Collaborative Learning Projects
Coginta
COMPPART
The Fund for Peace
Human Rights Watch
IMPACT
International Alert
LITE-Africa
New Nigeria Foundation
Pact
Partners Network
PAX
Search for Common Ground

**Observers**
CME
DCAF
ICoCA
ICRC
ICMM
IFC
Institute for Human Rights and Business
IPIECA

တူးဖော်ရေးကုမ္ပဏီများသည် ၎င်းတို့၏လုပ်ငန်းများကို ခက်ခဲရှုပ်ထွေးသော ဝန်းကျင်များတွင် လုပ်ကိုင်သည့်အခါ လူ့အခွင့်အရေးဆိုင်ရာ တာဝန်များအား မည်သို့ လေးစားလိုက်နာရမည်ဆိုသည့် လမ်းညွှန်မှု အနည်းငယ်သာ ရှိကြသည်။ ဤအခြေခံမှုများသည် လူ့အခွင့်အရေး ချိုးဖောက်နိုင်ခြေရှိမှုများကို ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် ကုမ္ပဏီများအား ကူညီပေးနိုင်သည့်အပြင် ၎င်းလူ့အခွင့်အရေး ချိုးဖောက်နိုင်ခြေများအား ကိုင်တွယ်ဖြေရှင်းရန် ထိရောက်ပြီး အဓိပ္ပာယ်ပြည့်ဝသည့် ခြေလှမ်းများ ချမှတ်နိုင်ရန်အတွက်လည်း ကူညီပေးသလို လုပ်ငန်းများအတွင်း လူ့အခွင့်အရေးကို လေးစားမှုရှိကြောင်း သေချာစေရန်လည်း ကူညီပေးပါသည်။

ဤအခြေခံမှုများသည် ဖြစ်နိုင်ခြေအန္တရာယ်များအား ကုမ္ပဏီများမှ အောက်ပါနည်းလမ်းများဖြင့် ထိရောက်စွာ စီမံဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ပေးသည့် မူဘောင်တစ်ခုဖြစ်သည်။

- ပြီးပြည့်စုံသည့် လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုဖြစ်နိုင်ခြေအန္တရာယ် များအား ဆန်းစစ်ခြင်း (Human Rights Risk Assessment) တစ်ရပ် ဆောင်ရွက်ရန်။
- ခက်ခဲရှုပ်ထွေးသော ဝန်းကျင်များ အနီးတစ်ဝိုက်ရှိ ဒေသတွင်း လူထုများ၊ ပုဂ္ဂလိကနှင့် ပြည်သူ့လုံခြုံရေးဝန်ထမ်းများနှင့် သင့်လျော်စွာ ညှိနှိုင်း ဆောင်ရွက်ရန်။
- ပုဂ္ဂလိကနှင့် ပြည်သူ့လုံခြုံရေးဝန်ထမ်းများအား လူ့အခွင့်အရေးအား ကာကွယ်ခြင်းဆိုင်ရာ သင်တန်းများပေးရန်။
- လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဟူသော စွပ်စွဲချက်များအား တိုင်ကြားရန်နှင့် စုံစမ်းစစ်ဆေးနိုင်ရန် နည်းစနစ်များ ချမှတ်ရန်။

လုံခြုံရေးနှင့် လူ့အခွင့်အရေးကို မြှင့်တင်ပေးရာတွင် ပါဝင်ဖြည့်ဆည်းဆောင်ရွက်ပေးလိုပါက ဤအရေးကြီးသည့် ကနဦးဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်ပါ။ အသေးစိတ်အကြောင်းအရာများကို သိရှိလိုပါက www.voluntaryprinciples.org တွင် လေ့လာနိုင်ပါသည်။